
စိတ်ကူးချိုချိုအနုပညာ

Coleen Degnan-Veness


# MARTIN LUTHER KING

# မာတင်လူသာကင်း

ဖြိုးဝင်းကိုကို



mgyoe.com



mgyoe.com

PWK0002
1,000.00 KS
mgyoe.com

mgyoe.com

# မာတင်လှသာကင်း

ဖြိုးဝင်းကိုကို-ပြန်ဆိုသည်။


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀ ၂၅၅ ၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀ ၁၃၇ ၀၅၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အပ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | သစ္စာ |

ဖြိုးဝင်းကိုကို
မာတင်လှသာကင်း /
ဖြိုးဝင်းကိုကို - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၆၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁)မာတင်လှသာကင်း

၂၀၁၂၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၀၀၀ ကျပ်


mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | မိတ်ဆက် | က |
| ၁။ | ကျွန်ုပ်တွင် အိပ်မက်စိတ်ကူးတစ်ခုရှိသည် | ၁ |
| ၂။ | ကင်း၏ငယ်ဘဝ | ၃ |
| ၃။ | ရန်သူမှ မိတ်ဆွေအဖြစ်သို့ | ၆ |
| ၄။ | ကျွန်စနစ်မှ လွတ်မြောက်မှုသို့ | ၈ |
| ၅။ | ကင်း၏မိသားစု | ၁၃ |
| ၆။ | ကင်းနှင့် မွန်ဂိုမာရီ ဘတ်စ်ကားသပိတ် | ၁၆ |
| ၇။ | အကြမ်းဖက်မှုကို ငြိမ်းချမ်းစွာတိုက်ခိုက်ခဲ့သူများ | ၂၂ |
| ၈။ | မွန်ဂိုမာရီမြို့မှ ကျော်ကြားသော တရားဟောဆရာ | ၂၄ |
| ၉။ | လူမည်းများကို ဝင်ခွင့်မပြုနိုင်ပါ | ၃၃ |
| ၁၀။ | အမေရိကန်ပြည်ထောင်စုတွင် ခွဲခြားဆက်ဆံမှု အများဆုံးမြို့ | ၃၅ |
| ၁၁။ | အသက်အငယ်ဆုံး နိုဘယ်ငြိမ်းချမ်းရေးဆုရှင် | ၄၄ |
| ၁၂။ | ကင်းက ရွေးကောက်ပွဲ မဲပေးခွင့် လိုချင်သည် | ၄၆ |
| ၁၃။ | အကြမ်းဖက်မှုကို ထောက်ခံသူများ | ၅၂ |
| ၁၄။ | ဆူပူအုံကြွမှုများ၊ စစ်ပွဲနှင့် အရေးအခင်းများ | ၅၅ |
| ၁၅။ | ကင်းအသတ်ခံရပြီ | ၅၉ |
| ၁၆။ | အာဖရိကနွယ်ဖွား အမေရိကန်များ၏ ယနေ့ဘဝ | ၆၂ |
| ၁၇။ | မာတင်လူသာကင်းနေ့ | ၆၄ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မိတ်ဆက်

## အမုန်းတရားကို မေတ္တာတရားနှင့် ရင်ဆိုင်ရမည်

မာတင်လူသာကင်း (ဂျူနီယာ) သည် အမေရိကန်ပြည်ထောင်စု၏ အကြီးကျယ်ဆုံး ခေါင်းဆောင်များတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ သူသည် သမ္မတတစ်ဦးမဟုတ်သော်လည်း သူ၏မွေးနေ့ကို အမေရိကန်ပြည်ထောင်စု၏ အမျိုးသားနေ့အဖြစ် သတ်မှတ်ထားသည်။ ထိုသို့ အသိအမှတ်ပြုခံရဖို့မှာ သမ္မတများသာ ဖြစ်နိုင်သည်။ ကင်းသည် ၁၉၆၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာတစ်ဝှမ်း ကျော်ကြားခဲ့သူဖြစ်သည်။

၁၉၀၀ ပြည့်လွန်နှစ်များ၏ ပထမထက်ဝက်တွင် အမေရိကန်တောင်ပိုင်း၌ အာဖရိကနွယ်ဖွား အမေရိကန်များ (အာဖရိကန် အမေရိကန်) များမှာ လူဖြူများ၏ဥပဒေအောက်တွင် ဆိုးဝါးစွာ နာကျင်ခံစားခဲ့ကြရသည်။ 'ကင်း' သည် သူ၏အမိမြေကို ချစ်သည်။ သို့သော် ဤဥပဒေများကို မုန်းသည်။ မှားယွင်းသော ဤဥပဒေများကို အဆုံးသတ်စေချင်သည်။ တောင်ပိုင်းတွင် လူမျိုးရေးခွဲခြားမှုကို အဆုံးသတ်စေချင်သည်။ သူ့အိပ်မက်မှာ လူဖြူနှင့် လူမည်းတို့ ငြိမ်းချမ်းစွာ အတူနေထိုင်ရေးဖြစ်သည်။ လူအားလုံးသည် တန်းတူရည်တူပင်ဖြစ်သည်ဟု သူကဆိုသည်။ သို့သော် ထိုအချိန်က အမေရိကန်ပြည်ထောင်စုတွင် လူအားလုံးမှာ တန်းတူရည်တူ ဆက်ဆံမခံခဲ့ကြရချေ။

ကင်းသည် လူအများ၏တွေးခေါ်ပုံကို ပြောင်းလဲပစ်ရတော့မည်။

mgyoe.com

mgyoe.com

မေတ္တာရန့်ထုံသော သူ့စကားများက လူများ၏နှလုံးသားနှင့် စိတ်ထားကို ပြောင်းစေခဲ့သည်။ သူ၏ လုပ်ငန်းစဉ်သည် ခက်ခဲသည်။ အန္တရာယ်များ သည်။ လူမည်းညီအစ်ကို မောင်နှမများကို ဦးဆောင်ကာ အစိုးရနှင့် ဆန့် ကျင်ပြီး ငြိမ်းချမ်းစွာဆန္ဒပြသည်။ သူသည် သပိတ်မှောက်မှုများ၊ ကန့်ကွက် ဆန္ဒပြမှုများကို ဦးဆောင်ခဲ့သည်။ မေတ္တာတရားကို အသုံးချပြီး ရန်သူရင်ဆိုင် နည်းကို အာဖရိကန်–အမေရိကန်များအား သင်ပြပေးခဲ့သည်။ အကြမ်းဖက်မှု ဆိုသည်မှာ အမြဲပင်မှားယွင်းပါသည်။

ကမ္ဘာတစ်ဝှမ်းမှ လူများသည် ကင်း၏အကြောင်းကို သတင်းစာများ ထဲတွင် ဖတ်ရသည်။ သူ့ကို ရုပ်မြင်သံကြားပေါ်တွင် မြင်ကြရသည်။ သူနှင့် သူ့နောက်လိုက်များအား ရဲများက အကြမ်းဖက်နှိပ်ကွပ်သည်ကို မြင်ရသော အခါ လူများဒေါသထွက်ကြသည်။ ညီမျှမှုအတွက် သူ၏ငြိမ်းချမ်းစွာ တိုက်ပွဲ ဝင်မှုသည် သူ့ကိုနာကျင်စေခဲ့သည်။ သို့ရာတွင် သူ့တွင်အိပ်မက်တစ်ခု ရှိခဲ့ သည်။ ၎င်းမှာ လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီး ဖန်တီးရန် ဖြစ်သည်။ မာတင်လူသာကင်း(ဂျူနီယာ)နှင့် သူ၏ ပြည်သူ့ရပိုင် ခွင့်လှုပ်ရှားမှုကြောင့် ယနေ့တွင် အာဖရိကနွယ်ဖွား အမေရိကန်များနှင့် အမေ ရိကန်နိုင်ငံသားအားလုံးမှာ ပိုမိုကောင်းမွန်သော လူနေမှုဘဝကို ရရှိလာခဲ့ ခြင်း ဖြစ်သည်။

■

mgyoe.com


mgyoe.com


Martin Luther King Jr.
Jan. 15, 1929 – April 4, 1968

mgyoe.com



## ကျွန်ုပ်တွင် အိပ်မက်စိတ်ကူးတစ်ခုရှိသည်

၁၉၆၃ ဩဂုတ်လ ၂၈ ရက်တွင် မာတင်လူသာကင်း (ဂျူနီယာ) သည် ဝါရှင်တန်ဒီစီတွင် ကန့်ကွက်ဆန္ဒပြသူ ၂ သိန်းခွဲကျော်၏ရှေ့တွင်ရပ်ပြီး အမေရိကန်ပြည်ထောင်စုသမိုင်း၌ အကျော်ကြားဆုံး မိန့်ခွန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော မိန့်ခွန်းတစ်ခုကို ပြောကြားခဲ့သည်။ ဤကန့်ကွက်ဆန္ဒပြမှုသည် ထိုအချိန်၌ အမေရိကန်ပြည်ထောင်စုတွင် အကြီးမားဆုံး ဆန္ဒပြမှုဖြစ်သည်။ ချီတက်ဆန္ဒပြသူများထဲမှ ၆ သောင်းခန့်မှာ လူဖြူများဖြစ်ပြီး ကျန်သူများမှာ လူမည်းများဖြစ်သည်။ သူတို့အားလုံးသည် အပြောင်းအလဲကို လိုချင်၍ နိုင်ငံ၏နေရာအနှံ့မှ မြို့တော်သို့ ရောက်လာကြခြင်း ဖြစ်သည်။ သူတို့သည် အမေရိကန်နိုင်ငံသားအားလုံး တန်းတူညီမျှမှုကို လိုလားတောင့်တနေကြခြင်းဖြစ်သည်။

ဤချီတက်ဆန္ဒပြပွဲကြီး မတိုင်မီ ရက်သတ္တပတ်များအတွင်း စီစဉ်သူများက အရေးပါသော ဟောပြောသူများကို ဖိတ်ကြားခဲ့သည်။ ကင်းသည် တစ်ညလုံး သူ၏မိန့်ခွန်းအတွက် ပြင်ဆင်မှုများပြုခဲ့သည်။ သင့်တော်သော စကားလုံးများ ကြိုးစားရှာဖွေခဲ့သည်။ သို့သော်နောက်တစ်နေ့တွင် သူ

---

*လူတစ်ယောက်၏နာမည်သည် သူ၏ဖခင်နာမည်နှင့် အတူတူဖြစ်နေလျှင် ထိုသူ၏နာမည်နောက်၌ (ဂျူနီယာ) ဆိုသော စကားလုံးကို ထည့်သွင်း အသုံးပြုသည်။*

mgyoe.com

mgyoe.com

မိန့်ခွန်းပြောနေစဉ်အတွင်း သူ၏ မိန့်ခွန်းကို ပြောင်းလဲလိုက်၏။ သူသည် လူထုကြီးဆီကိုကြည့်ကာ အမေရိကားအတွက် သူ့အိပ်မက်ကို ပြောပြခဲ့သည်။

" ကျွန်တော့်မှာ အိပ်မက်စိတ်ကူးတစ်ခုရှိတယ်၊ အဲဒါက တစ်နေ့မှာ လူမည်းအမျိုးသား၊ အမျိုးသမီးလေးတွေဟာ လူဖြူအမျိုးသား အမျိုးသမီးလေးတွေနဲ့ ညီရင်းအစ်ကို မောင်ရင်းနှမတွေလို လက်တွဲနေထိုင်နိုင်မယ်ဆိုတဲ့ အိပ်မက်ပါဘဲ။"

ကင်း၏အိပ်မက်သည် အကောင်အထည် မပေါ်သေးပါ။ သို့ရာတွင် ယနေ့ အမေရိကန်နိုင်ငံသား အများအပြားတွင် အလားတူအိပ်မက်မျိုး ရှိနေကြသည်။ လူသားအားလုံး၏ ငြိမ်းချမ်းမှု၊ ညီမျှမှုနှင့် လွတ်လပ်မှုတို့အတွက် သူဆင်နွှဲခဲ့သော တိုက်ပွဲကို ဆက်လက်ဆင်နွှဲနေကြပါသည်။

■

mgyoe.com

mgyoe.com

# ကင်း၏ ငယ်ဘဝ

မာတင်လူသာကင်း (ဂျူနီယာ) ကို ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အမေရိကန်တောင်ပိုင်း ဂျော်ဂျီယာပြည်နယ်၊ အတ္တလန်တာမြို့၌ မွေးဖွားခဲ့သည်။ သူ့ကို သူ၏ဖခင်အမည်ဖြစ်သော မိုက်ကယ်ဟုအမည်ပေးခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဂျာမနီသို့ ခရီးသွားခဲ့ပြီးသည့်နောက်တွင် သူ၏ဖခင်သည် သူ၏ရှေ့နာမည်နှင့် သူ့သား၏နာမည်ကို 'မာတင်' ဟု ပြောင်းလိုက်သည်။ 'မာတင်လူသာ' သည် ၁၅၀၀ ပြည့်နှစ်များအတွင်း ဂျာမနီတွင် ထင်ရှားသော ဘာသာရေးခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ကင်း၏ဖခင်သည် တရားဟောဆရာတစ်ဦးဖြစ်ရာ ယင်းဂျာမနီ ဘာသာရေးခေါင်းဆောင်ကို လေးစားအားကျသည်။ သူ့သားကိုလည်း တစ်နေ့တွင် အောင်မြင်သော တရားဟောဆရာကောင်းတစ်ဦး ဖြစ်စေချင်သည်။

'ကင်း' ကျောင်းစမတက်ခင်က သူသည် လူဖြူကလေးငယ်တစ်ယောက်နှင့် ဆော့ကစားလေ့ရှိသည်။ အသက် ၅ နှစ်အရွယ် ရောက်သောအခါ သူတို့နှစ်ဦးသည် မိမိနှင့်ဆိုင်ရာ ကျောင်းအသီးသီးသို့ တက်ခဲ့ကြသည်။ လူမည်းကလေးငယ်များမှာ လူဖြူကလေးငယ်များတက်သောကျောင်းသို့ တက်ခွင့်မရှိပေ။ လူဖြူကလေးငယ်၏မိဘများသည် 'ကင်း' အား သူတို့သားနှင့် ဆက်၍ ဆော့ကစားခြင်းမပြုရန် တားမြစ်ခဲ့သည်။ ကင်းသည် ငို၍ အိမ်သို့ပြန်ခဲ့ရသည်။ ကင်း၏ မိဘများက ကင်းအား အမေရိကန်ပြည်ထောင်စုတွင်ရှိသော လူမည်းများ၏ ခက်ခဲသောဘဝအကြောင်း ရှင်းပြခဲ့သည်။ ကင်းသည် ထိုအချိန်မှစ၍ လူဖြူအားလုံးကို မုန်းတီးခဲ့သည်။

mgyoe.com

mgyoe.com
ကျောင်းတွင် ကင်းသည် အားကစားဝါသနာပါသည်။ ဘာသာစကား ကိုလည်း စိတ်ဝင်စားသည်။ စာအုပ်များလည်း ဖတ်သည်။ ဉာဏ်အလွန် ထက်သူဖြစ်၍ ဆရာ၊ ဆရာမများက ကင်းကို အတန်းနှစ်ကြိမ်ကျော် တက် ပေးခဲ့သည်။ သူသည် ၉ တန်းနှင့် ၁၁ တန်းကို မတက်လိုက်ရဘဲ အသက် ၁၅ နှစ်အရွယ်တွင် အခြေခံပညာ အထက်တန်း အောင်မြင်ပြီးဆုံးခဲ့သည်။

## တရားဟောဆရာမိသားစုမှ မွေးဖွားလာသော ကင်း

ကင်း၏အဖိုး ... သူ့မိခင်၏အဖေနှင့် ကင်း၏ဖခင်တို့သည် အတ္တလန် တာရှိ လူမည်းများတက်ရသော မောဟောက်စ်ကောလိပ်တွင် ပညာသင် ကြားခဲ့ပြီး အတ္တလန်တာမြို့ အီဘန်နီဇာ Baptist ခရစ်ယာန်ဘုရားရှိခိုး ကျောင်းတွင် Baptist တရားဟောဆရာများဖြစ်လာသည်။ ဤအလုပ်အကိုင် သည် အမေရိကန်တောင်ပိုင်းတွင် လူမည်းတစ်ဦးရရှိနိုင်သော အမြင့်ဆုံး အလုပ်အကိုင်ပင် ဖြစ်သည်။ ကင်း၏ဖခင်သည် စီးပွားရေးသမားကောင်း တစ်ဦး ဖြစ်သည့်အပြင် အတ္တလန်တာရှိ လူမည်းထု၏ အရေးပါသော ခေါင်း ဆောင်တစ်ဦးလည်းဖြစ်သည်။

ကင်း၏ကလေးဘဝတွင် ဘာသာရေးသည် အလွန်အရေးပါခဲ့သည်။ သူသည် ကျောင်းဆင်းသည်နှင့် ဘုရားရှိခိုးကျောင်းသို့ သွားရပြီး တနင်္ဂနွေ နေ့တိုင်းတွင်လည်း ဘုရားကျောင်းတက်ရပါသည်။ အသက် ၆ နှစ် အရွယ် တွင် သူသည်ဘုရားကျောင်းတွင် ဓမ္မသီချင်းစဆိုရာ သူ့အမေက စန္ဒရားတီး ပေးပါသည်။ သို့ရာတွင် သူအသက် ၁၅ နှစ်အရွယ်ရောက်သောအခါ သူ သည် ဘုရားရှိခိုးကျောင်း၏ သင်ကြားမှုများကို စတင် မေးခွန်းထုတ်စ ပြုလာခဲ့ပါသည်။ သူသည် သူ့ဖခင်လို တရားဟောဆရာမျိုး မဖြစ်ချင်ခဲ့ပေ။ ဤအတွက် သူ့ဖခင်မှာ စိတ်မကောင်းဖြစ်ခဲ့သည်။

အသက် ၁၅ နှစ်အရွယ်တွင် ကင်းသည် မောဟောက်စ်ကောလိပ်ကို စတင်တက်သည်။ ကောလိပ်ကျောင်းအုပ် ဒေါက်တာ 'ဘင်ဂျမင်မေးစ်' က ကင်း၏စိတ်ကို များစွာပြောင်းလဲပေးခဲ့သည်။ အထူးသဖြင့် ကင်း၏အနာဂတ် နှင့် ပတ်သက်၍ဖြစ်သည်။ ၁၇ နှစ်အရွယ်တွင် ကင်းသည် တရားဟောဆရာ တစ်ယောက်ဖြစ်ရန် စိတ်ဆုံးဖြတ်ခဲ့သည်။ သူ့အဖေကို ပြောပြသောအခါ ကင်း၏အဖေက ကင်းကိုစမ်းသပ်ရန် သူ၏ဘုရားရှိခိုးကျောင်းတွင် လာမည့်
mgyoe.com

mgyoe.com

တနင်္ဂနွေနေ့၌ တရားဟောရန် ကင်းအားပြောသည်။ ကင်းသည် ကြောက်ပင်ကြောက်သော်လည်း သူ၏တရားဟောပြောမှုသည် အောင်မြင်ခဲ့သည်။

ကင်းသည် အပင်ပန်းခံ ကြိုးစားခဲ့ပြီး ဖေဖော်ဝါရီလ ၂၅ ရက် ၁၉၄၈ ခုနှစ်တွင် တရားဟောဆရာတစ်ယောက် စတင်ဖြစ်လာခဲ့သည်။ ထို့နောက်တွင် ကင်းသည် အီဘန်နီဇါ ဘုရားရှိခိုးကျောင်း၌ တနင်္ဂနွေနေ့များတွင် စတင်အလုပ် လုပ်ပါတော့သည်။ ကင်းသည် မောဟောက်စ်ကောလိပ်မှ ဘွဲ့ရခဲ့သည်။ ထို့နောက်တွင် မြောက်ပိုင်းရှိ ပင်စီဗင်းနီးယားပြည်နယ်၊ ဖီလာဒဲလ်ဖီးယားမြို့ရှိ တရားဟောဆရာများ တက်သည့် ကောလိပ်တစ်ခုတွင် ဆက်လက်ပညာသင်ယူခဲ့သည်။ သူသည် ထိုကောလိပ်မှ ၁၉၅၁ ခုနှစ်တွင် ထပ်မံဘွဲ့ရရှိပြီးသည့်နောက် မြောက်ပိုင်းမှာပင် ဆက်လက်နေထိုင်ခဲ့သည်။ ထို့နောက်တွင် မန်ဆာချူးဆက်ပြည်နယ် ဘော်စတွန်မြို့ရှိ ကောလိပ်တစ်ခုတွင် ဆက်လက် ပညာများ ဆည်းပူးခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် Ph.D ဘွဲ့ရကာ ဒေါက်တာမာတင်လူသာကင်း ဖြစ်လာခဲ့သည်။

ဘွဲ့မရခင်က 'ကင်း' သည် မြောက်ပိုင်း၌ပင် သာယာချမ်းမြေ့သောဘဝ ထူထောင်ကာ နေထိုင်ရန် စိတ်ကူးခဲ့သည်။ မြောက်ပိုင်းတွင် နေထိုင်လျှင် သူသည် ကောလိပ်ပါမောက္ခဖြစ်နိုင်သည် မဟုတ်ပါလော။ ထိုသို့ နေထိုင်လိုသော်လည်း တောင်ပိုင်းရှိ ဆင်းရဲသား လူမည်းများက သူ့ကို လိုအပ်နေသည်။ သူသည် ကောလိပ်စာတမ်းများကို ညဘက်တွင်ရေးပြီး နေ့ဘက်တွင် အလုပ်လုပ်ရသည်။ ၁၉၅၄ ခု ဇန်နဝါရီလတွင် လူမျိုးအသားအရောင် ခွဲခြားဆက်ဆံသော တောင်ပိုင်းဒေသသို့ ပြန်လာခဲ့သည်။ သူ ပထမဆုံး လုပ်ကိုင်သည့်အလုပ်မှာ အယ်လ်လဘားမားပြည်နယ် မွန်ဂိုပါရီမြို့၊ ဒက်စ်တာလမ်း Baptist ဘုရားရှိခိုးကျောင်းတွင် တရားဟောဆရာအဖြစ် လူမည်းဆရာဝန်များ၊ ဆရာ ဆရာမများနှင့် ဝင်ငွေအတော်အသင့် ကောင်းသော လူမည်းများကို တရားဟောကြားမှု ပြုခဲ့သည်။ ထိုမြို့တွင် လူမည်း ၅ သောင်းနှင့် လူဖြူ ၉ သောင်းခန့် နေထိုင်သည်။ လူမည်းအများစုမှာ ဝင်ငွေနည်းပြီး ဆင်းရဲကြသည်။ ကင်းသည် သူတို့၏နာကျင်မှု ဝေဒနာများကို ခံစားနားလည်ခဲ့သည်။ သူ၏ ဘုရားရှိခိုးကျောင်းသည် ၎င်းတို့အတွက် ပြောင်းလဲရေးဗဟိုဖြစ်ခဲ့သည်။

■

mgyoe.com

mgyoe.com

# ရန်သူမှ မိတ်ဆွေအဖြစ်သို့

ကင်းအရွယ်ရောက်လာသည်နှင့်အမျှ လူဖြူများအပေါ်ထားသော သူ၏သဘောထား အယူအဆသည် တဖြည်းဖြည်း ပြောင်းလဲလာသည်။ ကင်းအသက် ၁၅ နှစ်အရွယ်တွင် ဂျော်ဂျီယာပြည်နယ် မြို့တစ်မြို့သို့ သူ့ဆရာမတစ်ဦးနှင့်အတူ ကားစီး၍သွားခဲ့သည်။ ထိုမြို့တွင် သူသည် အကောင်းဆုံး မိန့်ခွန်းပြောသူ ဆုလက်ခံယူရန် သွားခဲ့ကြခြင်းဖြစ်သည်။ အပြန်လမ်းတွင် သူတို့ ပျော်ရွှင်စွာ စကားပြောရင်းပြန်လာစဉ် ပြည့်နေသော ကားပေါ်သို့ လူဖြူတစ်စု တက်လာခဲ့သည်။ ယာဉ်မောင်းက ကင်းနှင့် သူ၏ဆရာမအား လူဖြူ ၂ ယောက်ကို သူတို့၏ ထိုင်ခုံပေးရန် ပြောဆိုခဲ့သည်။ ကင်းက ငြင်းဆန်သောအခါ ယာဉ်မောင်းက ဒေါသထွက်၍ အော်ဟစ်ပြောဆိုတော့သည်။ ဆရာမကတော့ ကြောက်လန့်နေသည်။ ဆရာမက ထရပ်ပေးလိုက်ပြီး ကင်းကိုလည်း ထပေးလိုက်ရန်ပြောသည်။ သူတို့နှစ်ဦးသည် နောက်ထပ် ၂ နာရီလောက် ကားပေါ်တွင် မတ်တပ်ရပ်လိုက်ခဲ့ရသည်။ 'ကျွန်တော့်ဘဝမှာ အဲဒီတုန်းကလောက် တစ်ခါမှ ဒေါသမဖြစ်ခဲ့ဖူးဘူး' ဟု ကင်းက နောက်ပိုင်းတွင် ပြောပြခဲ့သည်။

၁၉၄၅ ခုနှစ်တွင် မောဟောက်စ်ကောလိပ်သည် ကျောင်းသားအချို့ကို နွေရာသီတွင် မြောက်ပိုင်း ကွန်နက်တီကပ်ပြည်နယ်၊ လယ်မြေတစ်ခုတွင် အလုပ်လုပ်ရန် စေလွှတ်ခဲ့သည်။ ကွန်နက်တီကပ်တွင် ကင်းနှင့် သူ၏ လူမည်းသူငယ်ချင်းများသည် သွားချင်သော စားသောက်ဆိုင်များကို လွတ်

mgyoe.com

mgyoe.com

လပ်စွာသွားခဲ့သည်။ ဆိုင်ခန်းအတွင်းသို့ လူဖြူများကဲ့သို့ပင် ရှေ့ပေါက်မှ ဝင်ကာ ထိုင်ခုံများကိုလည်း လွတ်လပ်စွာရွေးချယ်ခဲ့သည်။ သို့ရာတွင် အတ္တလန်တာသို့ အပြန်မီးရထားပေါ်တွင် စားသောက်တွဲ စားပွဲထိုးက ကင်းကိုစားသောက်တွဲ၏ နောက်တန်းသို့ ခေါ်ဆောင်သွားပြီး ကင်း၏ မျက်နှာအရှေ့တွင် ပိတ်စတစ်ခုကို ကာရံလိုက်သည်။ အဘယ်ကြောင့် ဆိုသော် တောင်ပိုင်းရှိ လူဖြူများသည် လူမည်းတစ်ဦးနှင့် တစ်ခန်းထဲအတူ မစားသောက်လိုကြသောကြောင့် ဖြစ်သည်။ ကင်းသည် မယုံနိုင်လောက်အောင် ဖြစ်ရသည်။ သို့သော် ယခုဒေါသမထွက်တော့ပေ။ စိတ်မကောင်းသာ ဖြစ်မိသည်။

သူ၏အတွေးအခေါ်များသည် မဟတ္တမဂန္ဒီ၏ သင်ပြမှုများကို ဖတ်ရှုမိပြီးသည့်နောက်တွင် ပို၍ပင် ပြောင်းလဲလာခဲ့သည်။ အိန္ဒိယလူမျိုးတစ်ဦးဖြစ်သော ဂန္ဒီသည် သူ့နောက်လိုက်များအား သူတို့၏ရန်သူများကို ချစ်တတ်ရန် သင်ပြပေးခဲ့သည်။ ကင်းမှာ တအံ့တသြဖြစ်ရသည်။ သို့သော် သူသည် ဂန္ဒီ၏ သင်ပြချက်များကို သဘောတူလက်ခံသည်။ တစ်နေ့တွင် လူဖြူကောလိပ်ကျောင်းသား တစ်ဦးက ကင်းကို သေနတ်နှင့်ချိန်ကာ ဒေါသတကြီး အော်ဟစ်သည်။ ကင်းသည် ဒေါသမထွက်ခဲ့ပေ။ သူသည် ထိုကျောင်းသား၏ မျက်လုံးကိုကြည့်ကာ တည်ငြိမ်စွာပင် စကားပြန်ပြောခဲ့သည်။ ထို့နောက်တွင်တော့ ထိုကျောင်းသားက ပြန်၍တောင်းပန်လာသည်။ ဤအဖြစ်အပျက်က ကင်းကို အရေးပါသော သင်ခန်းစာတစ်ရပ် သင်ပြပေးခဲ့သည်။ ရန်သူကို မိတ်ဆွေအဖြစ် မည်သို့ပြောင်းလဲရမည်ဆိုသော အချက်ပင်ဖြစ်ပါသည်။ ထို့နောက်တွင်တော့ ကင်းသည် အတန်းခေါင်းဆောင်အဖြစ် မဲပေးရွေးချယ်ခံရသည်။ ဒေါသထွက်တတ်သော ကောင်လေးဘဝမှ ခွင့်လွှတ်တတ်သော လူရွယ်ဘဝ ထိုမှခေါင်းဆောင်ဘဝသို့ ရောက်ရှိလာခြင်းဖြစ်သည်။

■

mgyoe.com

mgyoe.com

# ကျွန်စနစ်မှ လွတ်မြောက်မှုသို့

ကင်း၏ဖခင်က ကင်းအား မိမိကိုယ်ကိုနှင့် မိမိလူထုအတွက် ဂုဏ်ယူစေလိုသည်။ သူသည် ကင်းကိုကျောင်းကောင်းများ၌ ထားခဲ့ပြီး ကောလိပ်တက်သည့် အခါ၌လည်း ကားတစ်စီးပေးထားခဲ့သည်။ 'ကင်း' အလွန်ကံကောင်းသည်။ ဒါကိုလည်း သူသိပါသည်။ 'မင်းကျွန်လိုမတွေးရင် မင်းကို ဘယ်သူမှ ကျွန်မပြုနိုင်ပါဘူး' ဟု ကင်း၏ဖခင်က ကင်းကိုပြောခဲ့သည်။

## အမေရိက၌ ကျွန်စနစ် မည်သို့စတင်ခဲ့သနည်း

ဥရောပတိုက်သားများ အမေရိကသို့ သင်္ဘောဖြင့် စတင်သွားရောက်ခဲ့ကြသည့် ၁၆၂၀ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ ဤလူဖြူများသည် အမေရိကတောင်ပိုင်း၌ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့ကြပြီး လယ်လုပ်သားများ လိုအပ်နေခဲ့သည်။ သင်္ဘောပိုင်ရှင်များသည် အာဖရိကသို့ ရွက်လွှင့်သွားခဲ့ကြပြီး လူမည်းများကို ဈေးပေါပေါဖြင့်ဝယ်ကာ အမေရိကသို့ ခေါ်ဆောင်လာကြသည်။ အမေရိကတွင် ထိုလူမည်းများကို ကျွန်အဖြစ် ရောင်းချခဲ့ကြသည်။ ကျွန်များ သယ်ဆောင်လာသည့် သင်္ဘောပိုင်ရှင်များသည် ငွေအမြောက်အမြား ရရှိခဲ့ကြသည်။ ၁၆၂၀ ခုနှစ်တွင် ပထမဦးဆုံး ကျွန်များ သယ်ဆောင်လာသော သင်္ဘောတွင် အာဖရိကန်လူမျိုး (၂၀) သာပါခဲ့သည်။ သို့ရာတွင် ၁၈၆၅ ခုနှစ်တွင်မှ အမေရိကန်ပြည်ထောင်စုတွင် အာဖရိကန် ငွေဝယ်ကျွန် ၄ သန်းအထိ ရှိလာခဲ့သည်။ အာဖရိကန်

mgyoe.com

mgyobe.com

အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်များသည် လူဖြူမြေရှင်များအတွက် ပင်ပန်းကြီးစွာ အလုပ်လုပ်ပေးခဲ့ရသည်။ ကျွန်အချို့ မြောက်ပိုင်းသို့ လွတ်မြောက်သွားခဲ့ကြပြီး ပိုမိုကောင်းမွန်သောဘဝဖြင့် နေထိုင်နိုင်ခဲ့ကြသည်။ သို့သော် ထိုအရေအတွက်မှာ လွန်စွာနည်းပါးလှသည်။

## ကျွန်စနစ် မည်သည့်အချိန်တွင် အဆုံးသတ်ခဲ့သနည်း

၁၈၆၅ မတိုင်မီအထိ ကျွန်စနစ် အဆုံးမသတ်နိုင်ခဲ့သေးပေ။ ၁၈၀၇ ခုနှစ်တွင် သမ္မတသောမတ်စ် ဂျက်ဖာဆန်သည် ဥပဒေသစ်တစ်ခု ထုတ်ပြန်ခဲ့ပြီး ကျွန်စနစ်ကို အဆုံးသတ်ရန် ကြိုးစားခဲ့သေးသည်။ ယင်းဥပဒေအရ ကျွန်များကို အမေရိကသို့ သယ်ဆောင်လာသော သင်္ဘောများမှာ တရားမဝင်တော့ပေ။ သို့ရာတွင် ယင်းဥပဒေက သင်္ဘောပိုင်ရှင်များကို မဟန့်တားနိုင်ခဲ့ပေ။ ကျွန်စံနစ်သည် နောက်ထပ်နှစ်ပေါင်း ၅၈ နှစ်တိုင်တိုင် ဆက်လက်ရှိနေခဲ့သည်။

## ကျွန်စနစ် အဘယ်ကြောင့် ဤမျှတာရှည်ခဲ့သနည်း

တောင်ပိုင်းမှ လူအများစုသည် ကျွန်စံနစ်ကို အဆုံးမသတ်လိုကြပေ။ ဆင်းရဲပင်ပန်းသောအလုပ်ကို ကျွန်များက သူတို့အတွက် လုပ်ပေး၍ ဖြစ်သည်။ သို့ရာတွင် မြောက်ပိုင်းမှ လူအများအပြားကမူ ကျွန်စံနစ်ကို မုန်းတီးကြသည်။ ဤအယူအဆ ကွဲပြားမှုက အမေရိကန်ပြည်ထောင်စုတွင် ပြဿနာကြီးတစ်ခု ဖြစ်လာသည်။ တောင်ပိုင်းပြည်နယ်များသည် အမေရိကန်ပြည်ထောင်စုမှ ခွဲထွက်ပြီး သူတို့ကိုယ်ပိုင် အစိုးရတစ်ခု စတင်ထူထောင်လိုသည်။ ၎င်းကို တားဆီးရန် မြောက်ပိုင်းက တောင်ပိုင်းကို စစ်ပွဲကြီးတစ်ခု (၁၈၆၁–၁၈၆၅) အထိ တိုက်ခိုက်ခဲ့ရသည်။ အမေရိကန် ၆ သိန်းကျော်ခန့် သေဆုံးခဲ့ရသည်။ မြောက်ပိုင်းက အနိုင်ရပြီး သမ္မတ အေဗရာဟမ် လင်ကွန်းက ငွေဝယ်ကျွန်စံနစ်ကို အဆုံးသတ်ပေးလိုက်သည်။

## စစ်ပွဲအပြီးတွင် တောင်ပိုင်း၌ လူမှုဘဝ မည်မျှပြောင်းလဲလာခဲ့သနည်း

အာဖရိကန်–အမေရိကန်များ လွတ်မြောက်လာကြပြီ။ သို့ရာတွင် အများစုမှာ အလုပ်အကိုင်မရှိကြပေ။ သူတို့သည် ဆင်းရဲပြီး စာမရေးတတ်၊


mgyobe.com

mgyoe.com

မဖတ်တတ်ကြပေ။ ချမ်းသာသော မြေပိုင်ရှင်များသည် လူမည်းများကို ကျောင်းမနေစေလိုကြပေ။ သူတို့သည် လူမည်းများနှင့် မရောထွေးလိုကြပေ။ 'လူမည်းအမျိုးသားတွေဟာ လူဖြူမိန်းကလေးတွေကို လက်ထပ်ချင်လာကြလိမ့်မယ်' ဟုဆိုကြသည်။ ထို့ကြောင့် တောင်ပိုင်းမှ လူဖြူများသည် ဥပဒေကို ပြဋ္ဌာန်းခဲ့ကြသည်။

## Jim Crow Laws ဆိုသည်မှာ အဘယ်နည်း

ဤဥပဒေများသည် လူမည်းများကို လူဖြူများနှင့် ခွဲခြားထားသည်။ လူမည်းများသည် မြို့၏လူမည်းရပ်ကွက်တွင်သာ နေရပြီး လူဖြူများ၏ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ဘုရားရှိခိုးကျောင်းများနှင့် စာသင်ကျောင်းများသို့ သွားရောက်ခွင့်မရှိပေ။ ၁၈၉၆ ခုနှစ်တွင် အမေရိကန်အစိုးရသည် ပြည်နယ်အားလုံး၌ လူဖြူ၊ လူမည်း ခွဲခြားဆက်ဆံခြင်းကို လက်ခံသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့သည်။ အသားမည်းသော အမေရိကန်လူမျိုးများသည် မြို့ရှိဘတ်စ်ကားများ၏ နောက်တန်းတွင်သာ ထိုင်ခွင့်ရှိသည်။ လူဖြူများက သူတို့၏ခုံကို လိုချင်လျှင် သူတို့က ထရပ်ပေးရသည်။ လူဖြူများ သောက်သည့် ရေဘုံဘိုင်ကို လူမည်းများ သောက်ခွင့်မရှိပေ။ ရုပ်ရှင်ရုံ၊ ကဇာတ်ရုံများတွင်လည်း လူမည်းများသည် နောက်ပေါက်မှသာ ဝင်ရပြီး သီးသန့်နေရာတွင်သာ ထိုင်ရသည်။ ပညာတတ် လူမည်းတစ်ဦးဖြစ်သော




Black people could not drink the same water as whites

mgyoe.com

mgyoe.com

ဒဗလျူ အီး၊ဘီ ဒူဘွိုက်စ်သည် ၁၉၀၉ ခုနှစ်တွင် NAACP ဟူသော အဖွဲ့အစည်းတစ်ခုကို စတင်တည်ထောင်ခဲ့သည်။ ဤအဖွဲ့အစည်းသည် ဤဥပဒေများကို ပြောင်းလဲရန် ကြိုးစားသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ခဲ့သည်။

## ရှေးဦးပိုင်းတွင် NAACP က မည်သည့် အောင်မြင်မှုများ ရရှိခဲ့သနည်း။

အောင်မြင်မှု အတော်နည်းပါးခဲ့သည်။ သို့ရာတွင် ၁၉၅၄ ခုနှစ် မေလ ၁၇ ရက်တွင် အမေရိကန်အစိုးရသည် အဆုံး၌ အလွန်အရေးပါသော ဥပဒေသစ်တစ်ခုကို ပြဋ္ဌာန်းပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ကျောင်းအားလုံးတွင် လူဖြူ၊ လူမည်း ခွဲခြားဆက်ဆံမှုသည် တရားမဝင်တော့ပေ။ NAACP ၏ ကာလရှည်ကြာ အပင်ပန်းခံကြိုးပမ်းမှု အောင်မြင်လာခဲ့သည်။ တောင်ပိုင်းရှိ လူဖြူအများအပြား အလွန်ဒေါသထွက်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဤဥပဒေက ပြည်သူ့ရပိုင်ခွင့် လှုပ်ရှားမှုကို အထောက်အပံ့ပေးသောကြောင့်ဖြစ်သည်။ ကင်းနှင့် NAACP အတွက်တော့ နောက်ထပ်ပြောင်းလဲမှုများ ပေါ်ပေါက်လာရန် အလားအလာ ပိုမိုကောင်းလာသည်။

## ပြည်သူ့ရပိုင်ခွင့်လှုပ်ရှားမှု မည်သို့စတင်ခဲ့သနည်း

လုပ်ငန်းဆောင်တာများကို NAACP ဖြင့် အစပြုခဲ့သည်။ သို့ရာတွင် လူဖြူများ၏ တရားရုံးတွင် လူမည်းများ၏ ပြည်သူ့ရပိုင်ခွင့်အတွက် တိုက်ပွဲဝင်ရေးမှာ မဖြစ်နိုင်သလောက်ပင်ရှိသည်။ ဥပမာ– ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီးတွင် လူမည်းအမေရိကန်စစ်သား ၁ သန်းခန့် မိမိနေရပ်သို့ ပြန်လာခဲ့ကြသည်။ အမေရိကန်အစိုးရက လူဖြူစစ်သားများအတွက် အိမ်ခြံမြေဝယ်ယူနိုင်ရန် ငွေများထုတ်ပေးခဲ့သည်။ လူမည်းစစ်သားများက အလားတူ အကူအညီ တောင်းခံခဲ့သော်လည်း မရရှိခဲ့ပေ။ ၎င်းစစ်သားများက တောင်ပိုင်းတွင် ရွေးကောက်ပွဲ မဲပေးနိုင်ခွင့်ကိုလည်း တောင်းဆိုခဲ့ကြသည်။ ခွဲခြားဆက်ဆံရေးသမားများက ထိုသို့လုံးဝမဖြစ်နိုင်အောင် တားဆီးခဲ့ကြသည်။ လူမဲအများအပြား ဒေါသထွက်ခဲ့ကြရသည်။ သူတို့သည် ယခင်ကလောက် လူဖြူတွေနှင့် ၎င်းတို့၏ဥပဒေကို မကြောက်ရွံ့ကြတော့ပေ။ လုပ်ငန်းစတင်ရန် အချိန်ကျပေပြီ။ ကန့်ကွက်ဆန္ဒပြကြရန် ဖြစ်သည်။ ၁၉၅၅ ခုနှစ် ဒီဇင်ဘာလတွင် ကင်းသည် MIA ၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှင့် ၁၉၆၀

mgyoe.com

mgyoe.com
ပြည့်လွန်နှစ်များတွင် ဖြစ်ပွားခဲ့သော ပြည်သူ့ရပိုင်ခွင့် လှုပ်ရှားမှုစတင်ပေပြီ။ ယခုဆိုလျှင် အာဖရိကန်–အမေရိကန်များသည် ၎င်းတို့အတွက် ပြောဆိုပေးမည့် ခေါင်းဆောင်တစ်ဦး ရရှိပေပြီ။ ယင်းခေါင်းဆောင်သည် မာတင်လူသာကင်းဂျူနီယာပင်ဖြစ်သည်။ ကင်းသည် မွန်ဂိုပါရီရှိ အခြား လူမည်းတရားဟောဆရာတစ်ဦးဖြစ်သော 'ရတ်အက်ဘာနသီ'နှင့် မိတ်ဆွေဖြစ်လာခဲ့သည်။ ၎င်းတရားဟောဆရာ ၂ ဦးတို့သည် နိုင်ငံအား အပြောင်းအလဲ ဖြစ်စေခဲ့သော ၁၃ နှစ်ကြာ ပြည်သူ့ရပိုင်ခွင့် လှုပ်ရှားမှုကို စည်းရုံးလှုပ်ရှားခဲ့ကြသည်။

■

---

NAACP – *လူဖြူလူမည်း ခွဲခြားရေး ဥပဒေများကို တရားရုံးတွင် ဆန့်ကျင်တိုက်ဖျက်သည့် အဖွဲ့အစည်း။*

MIA – *အယ်ဘားမားပြည်နယ်၊ မွန်ဂိုပါရီမြို့တွင်ရှိသော လူမဲတရားဟောဆရာများ၊ လူမဲခေါင်းဆောင်များ၏ အဖွဲ့အစည်း၊ ၎င်းအဖွဲ့အစည်းသည် မတရားသည့်ဥပဒေများကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။*

mgyoe.com

mgyoe.com

## ကင်း၏ မိသားစု

ကင်းသည် ဘော်စတွန်မြို့တွင် ပညာသင်ကြားနေစဉ် ၁၉၅၂ ခုနှစ်၌ 'ကော်ရက်တာ' ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကော်ရက်တာသည် အလာဘားမားပြည်နယ် ဇာတိဖြစ်ပြီး ကင်းကဲ့သို့ပင် မြောက်ပိုင်း၌ နေရသည်ကို နှစ်သက်သည်။ သူမသည် ကျော်ကြားသော တေးဂီတကျောင်းတစ်ခု၌ လေ့လာသင်ယူနေသူဖြစ်သည်။ ဉာဏ်လှပချောမောပြီး ဉာဏ်ပညာထက်မြက်သော အဆိုတော်မိန်းကလေးသည် ကင်းအတွက် ပြီးပြည့်စုံသော ဇနီးဖြစ်ခဲ့သည်။ ကင်းသည် သူမနှင့် ပထမဆုံး အပြင်အတူထွက်သည့်နေ့မှာပင် ထိုသို့ပြောခဲ့ခြင်းဖြစ်သည်။ 'ရှင်ဒီလို ဘာလို့ပြောနိုင်လဲ၊ ကျွန်မ နားမလည်ဘူး။ ရှင် ကျွန်မအကြောင်းလည်း ဘာမှသိသေးတာလည်း မဟုတ်ဘူး' ဟု သူမက ပြောခဲ့သည်။ သို့ရာတွင် ကင်းသည် သူနှစ်သက်လိုချင်သောအရာကို သူသိခဲ့ပြီးပါပြီ။

<u>အရေးပါသောရက်စွဲများ</u>

| | |
|---|---|
| ဇွန်လ ၁၈ ရက်၊ ၁၉၅၃ | ကင်းနှင့် ကော်ရက်တာစကော့တို့ ထိမ်းမြားလက်ထပ်ခဲ့သည်။ |
| ဇန်နဝါရီလ၊ ၁၉၅၄ | ကင်းနှင့် ကော်ရက်တာတို့သည် အယ်လ်လဘားမားပြည်နယ်၊ မွန်ဂိုမာရီမြို့သို့ ပြောင်းရွှေ့လာခဲ့သည်။ |

mgyoe.com

mgyoe.com

| | |
|---|---|
| နိုဝင်ဘာလ ၁၇ ရက်၊ ၁၉၅၅ | သမီးအကြီးဆုံး ယိုလန်ဒါကို မွေးဖွားခဲ့သည်။ |
| အောက်တိုဘာလ ၂၃ ရက်၊ ၁၉၅၇ | သား မာတင်လူသာကင်း III ကို မွေးဖွားခဲ့သည်။ |
| ဇန်နဝါရီ၊ ၁၉၆၁ | သား ဒက်စ်တာ ကို မွေးဖွားခဲ့သည်။ |
| မတ် ၂၈ ရက်၊ ၁၉၆၃ | သမီး ဘားနစ် ကို မွေးဖွားသည်။ |



မာတင်လူသာကင်းကို ဇနီး ကော်ရက်တာ၊ သား မာတီ၊ သမီး ယိုလန်ဒါတို့နှင့်အတူ တွေ့ရစဉ်

mgyoe.com

သူတို့လက်ထပ်အပြီး ပထမ ၂ နှစ်အတွင်း ကော်ရက်တာသည် နိုင်ငံအနှံ့ ခရီးသွားပြီး သီချင်းဆိုကာ ငွေရှာပြီး ပြည်သူ့ရပိုင်ခွင့် လှုပ်ရှားမှုကို ထောက်ပံ့ခဲ့သည်။ သို့ရာတွင် သူတို့ပထမဆုံး သားသမီးရလာသော အချိန်တွင် ကင်းက သူ့ဇနီးကို အိမ်မှာပင်နေပြီး သူ၏အတွင်းရေးမှူးအဖြစ် လုပ်ကိုင်စေခဲ့သည်။

ကော်ရက်တာသည် တောင်ပိုင်းသို့ မပြန်ချင်ပေ။ သို့သော် သူမခင်ပွန်း၏ အလုပ်က သာယာချမ်းမြေ့သော မိသားစုဘဝထက်ပို၍ အရေးကြီးသည်။ သူတို့ မွန်ဂိုမာရီသို့ ပြောင်းရွှေ့လာသောအခါ သူမသည် ခင်ပွန်းအတွက် စိုးရိမ်ပူပန်ခဲ့ရသည်။ လူဖြူအတော်များများက ကင်းကို သတ်ပစ်ချင်နေကြသည်။ သူမသည် ညညတွင် မကြာခဏ သူမခင်ပွန်း အသတ်ခံရသည်ဟု အိပ်မက်တွေမက်ခဲ့သည်။ ကင်းက သူ့ဘဝနိဂုံး နီးကပ်လာချိန်တွင် သူ့ဇနီးကို ပြောခဲ့သည်။ 'ကော်ရက်တာ ငါတစ်ခုခုဖြစ်သွားခဲ့ရင် မင်းဆက်လုပ်ရမယ်နော်'။

ကင်းသည် သူ့ဇနီး၊ ကလေးများနှင့်အတူ အချိန်များစွာ မနေခဲ့ရပေ။ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုတာဝန်ဖြင့် နိုင်ငံအနှံ့ သွားနေရသည်။ သို့ရာတွင် သူတို့အတူနေရသော နေ့ရက်နာရီများမှာ ပျော်ရွှင်ဖွယ်ကောင်းသလို ထူးထူးခြားခြားရှိခဲ့ပါသည်။

■

mgyoe.com

mgyoe.com

# ကင်းနှင့် မွန်ဂိုမာရီ ဘတ်စ်ကားသပိတ်

၁၉၅၅ ခုနှစ်တွင် မာတင်နှင့် ကော်ရက်တာတို့သည် အလာဘားမား ပြည်နယ်၊ မွန်ဂိုမာရီမြို့၊ လူမည်းရပ်ကွက်တွင် နေထိုင်လျက်ရှိသည်။ ဒက်စ်တာလမ်းမ Baptist ဘုရားရှိခိုးကျောင်းမှ လူများသည် သူတို့၏ ငယ်ရွယ်သော တရားဟောဆရာလေး ကင်းနှင့် ကင်း၏စိတ်ကူးစိတ်သန်းများကို သဘောကျခဲ့ကြသည်။ ကင်းနှင့် မွန်ဂိုမာရီမြို့မှ အခြား လူမည်း တရားဟောဆရာများသည် မြို့တွင်းဘတ်စ်ကားများပေါ်တွင် လူဖြူ လူမည်း ခွဲခြားမှုကို ကန့်ကွက်ဆန့်ကျင်လိုကြသည်။

ထိုအချိန်တွင် ကျောင်းများ၌ လူမျိုးရေးခွဲခြားမှုသည် တရားမဝင်ပေ။ သို့ရာတွင် တောင်ပိုင်းရှိ ဘတ်စ်ကားများပေါ်တွင် ခွဲခြားမှုက ရှိနေပါသေးသည်။ လူမည်းအများစုသည် မကျေနပ်ခဲ့ကြပေ။ သို့ရာတွင် သူတို့ ဘာတတ်နိုင်ပါမည်နည်း။ လူဝီဆီယားနားပြည်နယ်၊ ဘေကွန်ရုတ်မြို့တွင် လူမည်းများ သပိတ်မှောက်မှုသည် အကျိုးထိရောက်ခဲ့သည်ကို မွန်ဂိုမာရီမြို့ရှိ လူမည်းခေါင်းဆောင်များက သိပြီးခဲ့ကြပြီ။ သူတို့သည် မွန်ဂိုမာရီမြို့တွင်လည်း ထိုသို့ သပိတ်မှောက်လိုကြသည်။

သို့ရာတွင် တောင်ပိုင်းတရားရုံးများသည် သာမန်လူမည်းအမျိုးသား၊ အမျိုးသမီးများအတွက် အားမကိုးလောက်သည်ကို သူတို့သိကြသည်။ သူတို့သည် အလုပ်အကိုင်ကောင်းကောင်းနှင့် တည်ငြိမ်အေးဆေးသော လူယဉ်ကျေးတစ်ယောက်ကို ရဲက ဖမ်းစေချင်သည်။ မည်သူ့ကို ဖမ်းမည်နည်း။

mgyoe.com

mgyoe.com

၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် ကြာသပတေးနေ့တွင် အသက် ၄၀ အရွယ်ရှိ 'မစ္စစ်ဂိုဆာပတ်စ်' ဆိုသူ လူမည်းအမျိုးသမီးတစ်ဦးသည် အလုပ်မှ အိမ်အပြန် ဈေးဝင်ဝယ်သည်။ ထို့နောက်သူမသည် ဘတ်စ်ကား တစ်စီးပေါ်တက်ပြီး ထိုင်ခုံလွတ်တွင် ထိုင်လိုက်သည်။ သူမသည် မောပန်း လာသည့်အပြင် ခြေထောက်လည်း နာနေပါသည်။ နောက်မှတ်တိုင်တွင် ဘတ်စ်ကားလူပြည့်သွားသည်။ ယာဉ်မောင်းက မစ္စစ်ပါးစ်အား သူမ၏ထိုင်ခုံ ကို လူဖြူတစ်ဦးအားပေးရန် ပြောသည်။ သူမက မပေးနိုင်ဟုငြင်းသည်။ ထိုအခါ ယာဉ်မောင်းက ရဲကိုတိုင်လိုက်ရာ ရဲများက သူမကို ဖမ်းသွားသည်။

မစ္စစ်ပါးစ် သည် အလာဘားမားပြည်နယ်နှင့် မွန်ဂိုမာရီမြို့၏ NAACP လုပ်သား တစ်ဦးဖြစ်သည့် အီးဒီနစ်ဆင်၏ အတွင်းရေးမှူးဖြစ်ပါသည်။ သူမ အဖမ်းခံရသောအခါ သူမသည် အီးဒီနစ်ဆင်ထံ ဖုန်းဆက်အကြောင်းကြားခဲ့ သည်။ နစ်ဆင်က သူမကို အာမခံငွေဖြင့် ထုတ်ပေး၍ စိတ်ပူနေရှာသော သူ့ခင်ပွန်းထံ ပြန်လာနိုင်ခဲ့သည်။ နစ်ဆင်က စိတ်လှုပ်ရှားနေပြီး ကင်းထံ ဖုန်းဆက်ခဲ့သည်။ နောက်ဆုံးတွင်တော့ သူတို့လိုအပ်နေသော အထူးပုဂ္ဂိုလ် ပေါ်လာခဲ့သည်။ ကင်း၊ နစ်ဆင်နှင့် အက်ဘာနသီတို့သည် ဘုရားရှိခိုးကျောင်း ခေါင်းဆောင်များနှင့် အရေးပါသော လူမည်းများကို အစည်းအဝေး ခေါ်ယူခဲ့ သည်။ မစ္စစ်ပါးစ်သည် ရိုးသားပြီး လိမ္မာပါးနပ်သော အမျိုးသမီးတစ်ဦး ဖြစ်ပြီး မြို့ကလူများ အားလုံးကလည်း သူမကို သဘောကျချစ်ခင်ကြသည်။ သူမက ရဲဝံ့စွာ တရားရုံးတော်ကို သွားရောက်ပြီး သူမ၏ ပြည်သူ့အခွင့် အရေးကို တောင်းဆိုရန် သဘောတူခဲ့သည်။ မွန်ဂိုမာရီတွင် ဘတ်စ်ကားများ ကို သပိတ်မှောက်မှု စတင်ခဲ့ပြီဖြစ်သည်။

နောက်ကြာသပတေးနေ့ညတွင် ကောလိပ်မှ အမျိုးသမီးပါမောက္ခ တစ်ဦးက သပိတ်မှောက်မည့် အစီအစဉ်များကို လျှို့ဝှက်မိတ္တူပွားပြီး နောက် နေ့တွင် တစ်မြို့လုံးရှိ လူမည်းများထံသို့ ဖြန့်ဝေခဲ့သည်။ ဒီဇင်ဘာလ ၅ ရက်နေ့ တနင်္လာနေ့တွင် သပိတ်မှောက်သူ ၅ သောင်းခန့်သည် လူမျိုး အသားအရောင်ခွဲခြားသော ဘတ်စ်ကားများကို လုံးဝမစီးကြတော့ဘဲ ခြေလျင်လမ်းလျှောက်ခဲ့ကြသည်။

ယင်းတနင်္လာနေ့ မနက်၌ပင် အက်ဘာနသီက အဖွဲ့အစည်းသစ် တစ်ခု ဖွဲ့စည်းရန် အကြံပြုခဲ့သည်။ ယင်းအဖွဲ့အစည်းမှာ MIA ဖြစ်ပါသည်။

mgyoe.com